ARTICLE 6.4 SUPERVISORY BODY သို့ အိတ်ဖွင့်ပေးစာ

အကြောင်းအရာ။ ။ Article 6.4 ၏ ကာဗွန်ခရက်ဒစ် ထုတ်ပေးမှုကို အရေးပေါ် ဆိုင်းငံ့ရန်နှင့် စုံစမ်းစစ်ဆေးရန်

ပါရီသဘောတူညီချက် ကာဗွန်ခရက်ဒစ်ထုတ်ပေးရေးယန္တရားဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ (PACM SB) သို့ -

အောက်ပါ လက်မှတ်ရေးထိုးထားကြသော အရပ်ဘက်အဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် အခြားသက်ဆိုင်သူများက PACM ကြီးကြပ်ရေးအဖွဲ့အနေဖြင့် PoA 10471 နှင့် ပတ်သက်သည့် ကာဗွန်ခရက်ဒစ်များ နောက်ထပ်ထုတ်ပေးမှု၊ လွှဲပြောင်းမှု သို့မဟုတ် အသုံးပြုမှုများကို ချက်ချင်းဆိုင်းငံ့ရန်နှင့် စီမံကိန်းအပြင် ၎င်းစီမံကိန်းအား အတည်ပြုခဲ့သည့် လုပ်ငန်းစဉ်တစ်ခုလုံးကိုပါ အမှီအခိုကင်းစွာဖြင့် ဘက်စုံစစ်ဆေးသုံးသပ်မှု ပြုလုပ်ရန် တောင်းဆိုလိုက်သည်။

PoA 10471 သည် တောင်ကိုရီးယား ရာသီဥတုပြောင်းလဲမှုဆိုင်ရာဗဟိုဌာန (ယခု ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖောင်ဒေးရှင်း) က ပူးပေါင်းဆောင်ရွက်သော မြန်မာနိုင်ငံရှိ "ပြုပြင်မွမ်းမံထားသော ဇီဝဒြပ်ထု မီးဖိုများ" စီမံကိန်းဖြစ်ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပါရီသဘောတူညီချက်၏ အခန်း ၆.၄ အရ ကာဗွန် ခရက်ဒစ်ထုတ်ပေးရန် ပထမဆုံး ခွင့်ပြုချက်ရရှိခဲ့သည့် စီမံကိန်းလည်းဖြစ်သည်။ မူလက ပတ်ဝန်းကျင်မထိခိုက်စေသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (Clean Development Mechanism CDM) တစ်ခုဖြစ်သည့် ဤပထမဆုံးကာဗွန်ခရက်ဒစ်ထုတ်ပေးမှုသည် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးရလဒ်အပေါ် ခိုင်မာစိတ်ချရမှု၊ ပွင့်လင်းမြင်သာမှုနှင့် လူမှုဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို အာမခံရန် ရည်ရွယ်ထားသည့် Article 6.4 ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကဲဖြတ်စနစ်အား လက်တွေ့တွင် မည်သို့အကောင်အထည်ဖော်နေပုံကို စမ်းသပ်သည့် အရေးကြီးသော စမ်းသပ်ချက်တစ်ခုဖြစ်သည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ယင်းနောက်ပိုင်းဖြစ်ပွားခဲ့သော ပြင်းထန်သည့် စစ်ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ပဋိပက္ခများစွာကြောင့် ပြောင်းလဲသွားခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများကို ထည့်သွင်းစဉ်းစားပါက ပတ်ဝန်းကျင်ဆိုင်ရာအကျိုးရလဒ်အပေါ် ခိုင်မာစိတ်ချရမှု၊ စောင့်ကြည့်စစ်ဆေးမှု၊ အတည်ပြုစိစစ်မှု၊ လူမှုဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်မှုတို့၏ ထိရောက်မှုများအပေါ် စိုးရိမ်ပူပန်မှုများစွာ ထွက်ပေါ်လျက်ရှိသည်။

စစ်တပ် အာဏာသိမ်းချိန်မှစ၍ စစ်အစိုးရအပါအဝင် ၎င်းနှင့် ဆက်နွှယ်နေသော လက်နက်ကိုင် အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုများ၊ နေရပ်စွန့်ပြေးတိမ်းရှောင်စေမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေသည့် ဒေသများတွင် ဤစီမံကိန်း ဆက်လက်လည်ပတ်နေခဲ့သည်။ ကာဗွန်ခရက်ဒစ်ထုတ်ပေးရန် အတည်ပြုထားသော ၁၇ လတာကာလထဲမှ ၁၆ လ တိုင်တိုင် ယင်းလုပ်ငန်း အကောင်အထည်ဖော်မှုနှင့် စောင့်ကြည့်စစ်ဆေးမှုများကို စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ယနေ့ထက်တိုင် ရှိနေသေးသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် အခြား စစ်ကောင်စီ အာဏာပိုင်များက တာဝန်ယူ ဆောင်ရွက်ခဲ့ကြသည်။

လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများစွာအတွက် စွပ်စွဲခံထားရပြီး အရပ်သားပြည်သူများအား မဖော်ပြနိုင်လောက်အောင် ထိခိုက်နစ်နာစေခဲ့ခြင်းများအတွက် တာဝန်ရှိသော မြန်မာ စစ်တပ်အနေနှင့် ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ထားခြင်း မရှိစေကာမူ ယခင် CDM အောက်မှလည်းကောင်း၊ ယခု Article 6.4 အောက်မှလည်းကောင်း ဤစီမံကိန်းနှင့် ဆက်နွှယ်နေသည့် ရန်ပုံငွေအစီအစဉ်များနှင့် ကာဗွန်ခရက်ဒစ် လွှဲပြောင်းမှုများမှ ဘဏ္ဍာရေးအရ အကျိုးအမြတ် ရရှိခဲ့ပြီး ဆက်လက်၍လည်း ရရှိနေမည်မှာ အလွန်ပင် ဖြစ်နိုင်ခြေ ရှိသည်။ စီမံကိန်းကို အဓိက အကောင်အထည်ဖော်ရသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန (MONREC) ဆိုသည်မှာ သစ်၊ သတ္တု၊

ကျောက်သံပတ္တမြားနှင့် အခြားသယံဇာတများအား တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အာဏာသိမ်းစစ်အုပ်စုအတွက် အဓိကငွေဝင်ပေါက်ကြီးဖြစ်နေရာ ဤအန္တရာယ်မှာ အထူးပင် ကြီးမားနေသည်။

စီမံကိန်း၏ စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ မှတ်တမ်းများတွင် ဤကဲ့သို့ ပြောင်းလဲသွားသော အခြေအနေများ သို့မဟုတ် ထိုအခြေအနေများ၏ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးရလဒ်များအပေါ် သက်ရောက်မှုများကို အသိအမှတ်ပြုဖော်ပြရန် ပျက်ကွက်ခဲ့သည်။ စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်ကိုလည်း လုံခြုံရေး အခြေအနေများကြောင့် လက်တွေ့မြေပြင်နေရာများသို့ သွားရောက်စစ်ဆေးခြင်း မရှိဘဲ အဝေးမှသာဆောင်ရွက်ခဲ့ပြီး၊ မီးဖိုပေါင်း တစ်သန်းနီးပါး ဖြန့်ဝေခဲ့သည့်တိုင်အောင် အွန်လိုင်း အင်တာဗျူး ၂၂ ခု (အမျိုးသမီး ၂ ဦးသာပါဝင်သည်) အပေါ်တွင်သာ အခြေပြုလုပ်ဆောင်ခဲ့သည်။ ဤသည်မှာ တောင်းဆိုထားသည့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ အထောက်အထားများ လုံလောက်ပြည့်မီသည် ဆိုသည့်အချက်ပေါ် သံသယများ ဖြစ်ပေါ်စေသည်။

သီးခြားလွတ်လပ်သော ဆန်းစစ်လေ့လာမှုများအရ မေးခွန်းထုတ်စရာ အခြေခံ ယူဆချက်များနှင့် တွက်ချက်မှုနည်းလမ်းများကြောင့် စီမံကိန်းသည် CDM အောက်တွင် ၁၄ ဆခန့်နှင့် Article 6.4 အောက်တွင် ၇ဆခန့် ပိုမိုတွက်ချက်၍ ကာဗွန်ခရက်ဒစ်ထုတ်ပေးခြင်းခံခဲ့ရသည်ဟု ဆိုသည်။ သို့သော်လည်း အဆိုပါ ဆန်းစစ်လေ့လာမှုသည် လက်တွေ့တွင် မရှိနိုင်သည့် အကောင်းဆုံးသော ဖြစ်နိုင်ခြေ အခြေအနေများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ထို့အပြင် ကမ္ဘာ့တောင်ဘက်ခြမ်း (Global South) ရှိ အိမ်ထောင်စုများ၏ ထင်းလောင်စာအသုံးပြုမှု လျှော့ချခြင်းပေါ် အခြေခံသည့် ပြုပြင်မွမ်းမံထားသော မီးဖိုများမှ မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေး ဆိုင်ရာ ယူဆချက်များသည် ကမ္ဘာ့မြောက်ဘက်ခြမ်း (Global North) ရှိ စွမ်းအင်ကုမ္ပဏီများနှင့် အိမ်ထောင်စုများ၏ သစ်သားမီးရှို့မှုမှာ ကာဗွန်ထုတ်လွှတ်မှု မျှခြေ အခြေအနေတွင်တည်ရှိသည်ဟု သတ်မှတ်ထားသမျှ ကာလပတ်လုံး ပြဿနာရှိနေမည်ဖြစ်သည်။

နောက်ဆုံးအနေဖြင့် ပဋိပက္ခအခြေအနေများအောက်ရှိ သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် လူမှုဝန်းကျင်ကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ လွန်စွာ သံသယဖြစ်ဖွယ်ရှိပြီး၊ ဤစီမံကိန်းသည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC) ၏ ဂျန်ဒါတန်းတူညီမျှရှိရေး လုပ်ငန်းစီမံချက် (GAP) တွင် ပြဋ္ဌာန်းထားသည့် မူများကို များစွာ လိုက်ပါဆောင်ရွက်နိုင်ခြင်း မရှိပါ။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို စီမံကိန်း၏ အကျိုးခံစားခွင့်ရှိသူများအဖြစ် ဖော်ပြထားသော်လည်း လေထုအရည်အသွေး သို့မဟုတ် လောင်စာဆီ အသုံးပြုမှုကို စောင့်ကြည့်စစ်ဆေးမှု မရှိခြင်းကြောင့် ဤအတွက် မည်သည့် အထောက်အထားမျှ ပေးအပ်ထားခြင်း မရှိပါ။ ကာဗွန်ခရက်ဒစ်ထုတ်လုပ်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လုပ်ခလစာမရသည့်လုပ်အားပေါ်တွင် လုံးဝအမှီပြုနေရသော်လည်း စီမံကိန်း စောင့်ကြည့်စစ်ဆေးမှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတွင်မူ ၎င်းတို့ပါဝင်ခွင့်မှာ အကန့်အသတ်များစွာရှိနေသည်။ စောင့်ကြည့်စစ်ဆေးမှုလုပ်ငန်းစဉ်အတွင်း စေ့စေ့စပ်စပ် မေးမြန်းခဲ့သော အိမ်ထောင်စု ၂၃၁ ခုအနက် ၈၀ ရာခိုင်နှုန်းမှာ အိမ်ထောင်ဦးစီး အမျိုးသားများနှင့်သာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပို၍ပင် အရေးကြီးသည့် အချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေနှင့် (စီမံကိန်းကို အဓိကအကောင်အထည်ဖော်ရန် တာဝန်ရှိသည့်စစ်တပ်၏ အဓိက ကျူးလွန်မှုကြောင့်) စီမံကိန်းဧရိယာများအတွင်း အကြမ်းဖက်မှုများနှင့် စစ်ဘေးရှောင်ရမှုများကို ကြုံတွေ့ခဲ့ကြရခြင်း ဖြစ်သည်။

Article 6.4 ကာဗွန်ခရက်ဒစ်ထုတ်ပေးရေးယန္တရားဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ သည် ၎င်း၏ ၂၃ ကြိမ်မြောက် အစည်းအဝေး (SBM 023) ကို အောက်တိုဘာ ၅ ရက်မှ ၉ ရက်နေ့အထိ ဂျာမနီနိုင်ငံ၊ ဘွန်းမြို့(Bonn) တွင် ကျင်းပမည်ဖြစ်သည်။ ဤအစည်းအဝေးသည် ကြီးကြပ်ရေးအဖွဲ့အနေဖြင့် အဆိုပါစိုးရိမ်ပူပန်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် လက်ငင်းအခွင့်အရေးတစ်ခု ဖြစ်သည်။ SBM 023 တွင် ကာဗွန် ခရက်ဒစ် ထုတ်ပေးပြီးနောက်ပိုင်း စီစဉ်ဆောင်ရွက်မှုများနှင့် ယန္တရားကို ထိန်းချုပ်သည့် အစီအမံနှင့် စည်းမျဉ်းများ အပါအဝင် လုပ်ငန်းဆောင်ရွက်မှု စက်ဝန်း၊ ကာဗွန် ခရက်ဒစ် ထုတ်ပေးမှုနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ပူးတွဲစဉ်းစား သုံးသပ်ရန် လျာထားသည်။

ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ကြီးကြပ်ရေးအဖွဲ့ထံ အောက်ပါအတိုင်း တိုက်တွန်းတောင်းဆိုအပ်ပါသည်။

- PoA 10471 ကာဗွန် ခရက်ဒစ်များကို နောက်ထပ်ထုတ်ပေးခြင်းနှင့် အသုံးပြုခြင်းတို့အား ချက်ချင်းဆိုင်းငံ့ရန်၊
- အာဏာသိမ်းပြီးနောက်ပိုင်း အခြေအနေများ၏ သက်ရောက်မှုများ၊ စီမံကိန်း၏ လုပ်ထုံးလုပ်နည်း၊ စောင့်ကြည့်လေ့လာမှုစနစ် ၊ လူမှုဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်မှု အစီအမံများအပြင် ဤစီမံကိန်းအား Article 6.4 အရ စတင်အတည်ပြုခဲ့သည့် လုပ်ငန်းစဉ်တစ်ခုလုံးအပေါ် အမှီအခိုကင်းပြီး ဘက်စုံလွှမ်းခြုံသည့် စိစစ်ဆန်းစစ်သုံးသပ်မှုတစ်ခု ဆောင်ရွက်ရန်၊
- စစ်ဆေးတွေ့ရှိချက်များနှင့် တုံ့ပြန်ဆောင်ရွက်ချက်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ရန်၊
- လိုအပ်သည့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်များအားလုံးကို လုပ်ဆောင်ရန်။